# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ စနေနေ့ အတွဲ (၆၄)၊ အမှတ် (၀၂၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ် နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်နေ

**နေပြည်တော် အောက်တိုဘာ ၂၅**


နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၆) ကျောင်းသား ကျောင်းသူများကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊


*စာမျက်နှာ ၃ ကော်လံ ၁* ❈




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ် သင်တန်း အမှတ်စဉ်(၆) ကျောင်းသား ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း နှုတ်ဆက်အားပေးစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်နေသည့် မြို့ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ် သင်တန်း အမှတ်စဉ်(၆) ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအမှာစကား ပြောကြားစဉ်။

- ❖ **ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် လေ့ကျင့်ပြုစုပျိုးထောင်ပေးခဲ့သည်မှ ယခုအခါ သင်တန်းဆင်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၂၈၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်**
- ❖ **အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့်၊ ဗလငါးတန်နှင့် ပြည့်စုံသည့်၊ အရည်အချင်း ပြည့်ဝသည့်လူငယ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ဆရာ ဆရာမများ၏ သင်ကြားပြသမှု၊ သွန်သင်ဆုံးမမှုကောင်းမွန်ခြင်းအပေါ်တွင် မူတည်နေ**

** ရွှေဖုံးမှ*

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကား ပြောကြားရာတွင် ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး သိပ္ပံကို ၁၉၉၁ ခုနှစ် မေ ၁၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်အနေဖြင့် လေ့ကျင့် ပြုစုပျိုးထောင်ပေးခဲ့သည်မှ ယခု အခါ သင်တန်းဆင်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၂၈၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်နေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့်၊ ဗလငါးတန်နှင့် ပြည့်စုံသည့်၊ အရည်အချင်း ပြည့်ဝသည့်လူငယ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ဆရာ ဆရာမများ၏ သင်ကြားပြသမှု၊ သွန်သင်ဆုံးမမှု ကောင်းမွန်ခြင်း အပေါ်တွင် မူတည်နေကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင် တည့်မတ်ပေးရေးသည် ဆရာ ဆရာမများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ထို့ပြင် တာဝန်ကျရာ ဒေသအသီးသီးက စာသင်ကျောင်းများတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားစေရေး သာမက ဉာဏ်ပညာနှင့် တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေး အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**ပညာရပ်များ လေ့ကျင့်ပေးသွားရန်လို**

စာသင်ကျောင်း ဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန် ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးနေသည့် နေရာမျိုးဖြစ်ရန်လည်း လိုအပ်ကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း မိမိတို့၏ တပည့်ကျောင်းသား ကျောင်းသူများကို ကျောင်းစည်းကမ်းလိုက်နာခြင်းက အစပြုပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများ ကိန်းအောင်းလာကြစေရန် ကိုယ်တိုင်လေ့လာ တတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် လေ့ကျင့်ပေးသွားကြရန် လိုအပ်ကြောင်း။

**ဆုံးခန်းတိုင်အောင်သင်ယူ**

လူသားများ၏ဘဝသည် အသိပညာ၊ အတတ်ပညာ ပြည့်စုံမှု ရှိ၊ မရှိအပေါ်တွင် မူတည်ပြီး ကွာခြားမှုများ၊ ပြောင်းလဲမှုများ ရှိနေခြင်းပင်ဖြစ်ကြောင်း၊ ငယ်စဉ်ကတည်းက ပညာကို တစိုက်မတ်မတ်ဖြင့် ဆုံးခန်းတိုင်အောင် သင်ယူနိုင်ကြပါက ဘဝအတွက် ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း၊ ပညာတစ်စိတ်တစ်ပိုင်းဖြင့် ကျောင်းထွက်ကြရပြီး အကြောင်းအမျိုးမျိုးကြောင့် ပညာကိုဆုံးခန်းတိုင် မသင်နိုင်ကြပါက ပညာပြည့်ဝသင့်သလောက် မပြည့်ဝနိုင်ဘဲ ဘဝတွင် လိုအပ်ချက်များ ရှိနေကြမည်ပင်ဖြစ်ကြောင်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အဆင့်မြင့် အစရှိသည့် ပညာကိုသင်ယူပါက သင်ယူနိုင်သလောက် ဘဝတွင် လိုအပ်ချက်များ ပြည့်စုံနိုင်သည်ကို မိမိကိုယ်တွေ့နှင့် နှိုင်းယှဉ်ပြီး မိမိတို့ တပည့်များကို ပညာကိုသင်ယူနိုင်သလောက်သင်ယူကြရန်၊ အတတ်ပညာရှင်၊ အသိပညာရှင်၊ ကျွမ်းကျင်သူ၊ ပါရဂူများဖြစ်သည်အထိ ကြိုးစားသွားကြရန်၊ တိုက်တွန်းလေ့ကျင့်ပေးကြ ရန်မှာကြားလိုကြောင်း။

**အတတ်ပညာပြည့်ဝရေး**

လူသားတစ်ယောက်အတွက် အတတ်ပညာ ပြည့်ဝရေးသည် အခြေခံလိုအပ်ချက် ဖြစ်သကဲ့သို့ အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ် အယူအဆပြည့်စုံမှန်ကန်ရေးသည်လည်း မရှိမဖြစ်လိုအပ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အတတ်ပညာသာမက အသိပညာဗဟုသုတများ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

*စာမျက်နှာ ၃ မှ*

ရှာမှီးနိုင်ရန် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေး လှုပ်ရှားမှုများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းသည် ပညာရေးနှင့်ဆက်စပ်နေခြင်းဖြစ်သဖြင့် မောင်တို့၊ မယ်တို့ ရောက်ရာဒေသ၊ တာဝန်ကျသည့် နေရာများတွင် အောင်မြင်အောင် ပူးပေါင်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**အမျိုးသားရေးတာဝန်ဖြစ်**

မျက်မှောက်ကာလ မြန်မာ့အခြေအနေ၊ ကမ္ဘာ့အခြေအနေတို့အရ မြန်မာနိုင်ငံသားတိုင်း ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အခြာအာဏာကို ကာကွယ်ရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း၊ ပြည်သူတစ်ယောက်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းသည် နိုင်ငံတော်ကြီးတစ်ခုလုံးနှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် အမျိုးသားရေးတာဝန်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတွင် အဓိက တာဝန်ရှိသည့် တပ်မတော်ကို ပြည်သူ့အားဖြင့် ပူးပေါင်းကူညီကြရမည် ဖြစ်သကဲ့သို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတာဝန်များကို ပြည်သူနှင့်တပ်မတော် အတူတကွ ဦးထမ်း ပွဲထမ်းတာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည်ကို မိမိတို့တစ်တွေ ဖြတ်သန်းခဲ့သည့်သမိုင်းက ပြဆိုခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်တွင်းအားဖြင့်သာ အဓိကထား တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ မြေပေါ်၊ မြေအောက်နှင့် ရေသယံဇာတကြွယ်ဝပြီး လူသားအရင်းအမြစ်များရှိနေသည့် မိမိတို့နိုင်ငံတွင် တိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးစားကြပါက မိမိတို့နိုင်ငံသည် ဒေသတွင်းမှာသာမက ကမ္ဘာ့ထိပ်တန်းအဆင့်အထိ ရောက်ရှိမည်မှာ မလွဲဧကန်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကျောင်းသား ကျောင်းသူ နှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။

**ပြည်ထောင်စုစိတ်ဓာတ်**
**ထားရှိကြရန်အရေးကြီး**

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် မှီတင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုနိုင်ငံတွင် ပြည်ထောင်စုစိတ်ဓာတ် ထားရှိကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ဆိုသည်မှာ မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးသည် **"တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တို့အားလုံးသည် သွေးချင်းညီအစ်ကိုများ ဖြစ်ပြီး အရေးကြီးရင် သွေးနီးကြရမည်"** ဆိုသည့်စိတ်၊ **"တောင်ပေါ်မြေပြန့် မခွဲခြား၊ တို့အားလုံးသည် သားချင်းများဖြစ်ကြပြီး နိုင်ငံတော်ကို ပူးပေါင်းကာကွယ် စောင့်ရှောက်ကြရမည်"** ဆိုသည့်စိတ်၊ **"မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ၊ ဥမကွဲ သိုက်မပျက် အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့် မိသားစုများ"** ဆိုသည့် စိတ်ဓာတ်များပင် ဖြစ်ကြောင်း။

ထို့ကြောင့် မောင်တို့၊ မယ်တို့ အနေဖြင့် မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများ တည်ဆောက်ကြရာတွင် အတွေးအခေါ်အယူအဆ မှန်ကန်စွာဖြင့် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အထူးသဖြင့် မိမိတို့ စာပေပညာ သင်ကြားပေးရမည့် တိုင်းရင်းသားလူငယ်များကို ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းပြီး နိုင်ငံ၏ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်လိုသော မွန်မြတ်သည့်စိတ်စေတနာကောင်းများ ထာဝရရှင်သန်ဖြစ်ထွန်းနေအောင် လေ့ကျင့်ပေးကြရန် အဓိကထား မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို အန္တိမရည်မှန်းချက်ထားပြီး ရွေးကောက်ပွဲအတွက် လိုအပ်သည်များကို စတင်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

**လူကောင်း၊ လူတော်များ**
**ဖြစ်အောင် ပြုစုပျိုးထောင်**

ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ရရှိလာအောင် စည်းရုံးဦးဆောင်ပေးကြရန်၊ မိမိတို့ တာဝန်ထမ်းဆောင်ကြရမည့် စာသင်ကျောင်း အသီးသီးတွင်ရှိသည့် ကျောင်းသား ကျောင်းသူ လူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံပြီး နိုင်ငံတော်က အားကိုးအားထားပြုနိုင်ရန်အတွက် အရည်အချင်းပြည့်ဝသည့် ပညာတတ်လူကောင်း၊ လူတော်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းတက်နိုင်ရေး၊ စာမတတ်သူ ပပျောက်ရေးနှင့် စာတတ်သူတိုင်းစာဖတ်ကြရေး ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေး ဘွဲ့ ၅ နှစ် သင်တန်းအမှတ်စဉ်(၆) ကျောင်းသား ကျောင်းသူများကိုယ်စား မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်မှ ချင်းတိုင်းရင်းသူ မမြတ်သင်ဇာကျော်က ဂါရဝပြုကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့မိမိတို့အား အချိန်ပေးတွေ့ဆုံပြီး သိသင့်သိထိုက်သည်များကို လမ်းညွှန်ဩဝါဒပေးသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ လမ်းညွှန်မှုများကို မိမိတို့အတွက် အရေးပါသည့် လုပ်ငန်းလမ်းညွှန်ချက်များအဖြစ်ခံယူပြီး အလေးအနက်ထား လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းညွှန်မှုများတွင် ပါဝင်သည့် နိုင်ငံသားများအားလုံး အသိပညာ၊ အတတ်ပညာနှင့် လူမှုဘဝတိုးတက်စေရေး၊ နိုင်ငံတော်၏ နိုင်ငံရေးလုပ်ငန်းစဉ်များ၊ အမျိုးသားရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရေး၊ အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော် တည်ဆောက်နိုင်ရေးတို့တွင် မိမိတို့အနေဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု အလေးအနက်ထား ကတိပြုတင်ပြအပ်ပါကြောင်း၊ သင်တန်းဆင်းပြီးနောက် ပညာရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ရချိန်တွင်လည်း နိုင်ငံတော်က ပြုစုပျိုးထောင်ပေးထားသည့် သားကောင်း၊ သမီးမွန်များ ပီသစွာ နိုင်ငံ့သားကောင်း စိတ်ဓာတ်ဖြင့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကျောင်းသား ကျောင်းသူ နှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

**ရင်းရင်းနှီးနှီး လိုက်လံ**
**မေးမြန်းနှုတ်ဆက်အားပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းနှုတ်ဆက်အားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူတို့တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူးနှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား နည်းပညာ၊ သတင်းအချက်အလက်အပါအဝင် နယ်ပယ်အလိုက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၄) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ တက်ရောက်အားပေး



**နေပြည်တော် အောက်တိုဘာ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၄) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့တွင် နေပြည်တော်ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအမှူးများ တက်ရောက်အားပေးကြသည်။ (ဓာတ်ပုံ)

စုပေါင်းသွေးလှူဒါန်းပွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် စေတနာသွေးလှူရှင် စုစုပေါင်း ၃၅ ဦးတို့က လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအမှူးများက လိုက်လံကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ပေးအပ်ကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်း စုပေါင်းသွေးလှူဒါန်းပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ သက်ဆိုင်ရာဆေးရုံများနှင့် သွေးဌာနများတွင် ပြုလုပ်ခဲ့ရာစုစုပေါင်း (၂၁၀) သွေးလှူဒါန်းကြကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် (၁၄) ကြိမ်မြောက် စုပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လာရောက်တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia သည် ယနေ့ ညနေပိုင်းတွင် ပြန်ကြားရေး ဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။ (ယာပုံ)

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ – တရုတ် မီဒီယာကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံမီဒီယာအဖွဲ့များ အပြန်အလှန်လည်ပတ်နိုင်ရေး၊ နှစ်နိုင်ငံအစိုးရအချင်းချင်းသာမက ပြည်သူအချင်းချင်းပါ ပိုမိုချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုရှိစေရန်အတွက် မီဒီယာကဏ္ဍမှ လိုအပ်သည်များ ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# မော်လမြိုင်မြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ထောက်ပံ့ရန်ပုံငွေလွှဲ ပြောင်းပေးအပ်

**မော်လမြိုင် အောက်တိုဘာ ၂၅**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ထောက်ပံ့ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ယုက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြတ်မြတ်မွန်က မတည်ထောက်ပံ့ငွေများပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်လမြိုင်မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းနှစ်သင်းအား သမဝါယမဦးစီးဌာနမှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ငွေကျပ်သိန်း ၃၄၀၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# နိုင်ငံ၏အင်အား၊ အနာဂတ်များ

**“နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံအုတ်မြစ်ဟာ ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပဲဖြစ်တယ်။ နိုင်ငံတော်အနေနဲ့လည်း အသိပညာ၊ အတတ်ပညာပြည့်စုံတဲ့ ပညာတတ်တွေနဲ့ သာယာဝပြောတဲ့ အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ဖို့ ဦးတည်ဆောင်ရွက်နေပြီး အရည်အသွေးပြည့်ဝတဲ့ ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။ အသိဉာဏ်ပညာပြည့်စုံပြီး ဆင်ခြင်တုံတရားပြည့်ဝတဲ့ ကျောင်းသား ကျောင်းသူ လူငယ်တွေဟာ နိုင်ငံရဲ့အင်အား၊ နိုင်ငံရဲ့အနာဂတ်များပဲဖြစ်တယ်။”**

ဇော်လင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၊ ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံရာတွင် မြွက်ကြားသည့် ဩဝါဒအမှာစကားမှ ကောက်နုတ်ချက်ဖြစ်သည်။



**နိုင်ငံ၏ အင်အား၊ အနာဂတ်များ**

အဆိုပါ **“နိုင်ငံ၏အင်အား၊ အနာဂတ်များ”** သည်ကား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)မှ ငါးနှစ်ကြာ လေ့ကျင့်ပျိုးထောင်ပေးလိုက်သော နယ်စပ်ဒေသအသီးသီးမှ ပြည်ထောင်စုတိုင်းရင်းသားလူငယ်မောင်မယ် ၂၀၇ ဦးပင်ဖြစ်သည်။ ဤတိုင်းရင်းသားလူငယ်မောင်မယ်များတွင် ကချင်တိုင်းရင်းသား တိုင်းရင်းသူ ကိုးဦး၊ ကယားတိုင်းရင်းသား တိုင်းရင်းသူ လေးဦး၊ ကရင်တိုင်းရင်းသား တိုင်းရင်းသူ ၁၉ ဦး၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူ ၂၁ ဦး၊ ဗမာတိုင်းရင်းသား တိုင်းရင်းသူ ၇၀၊ မွန်တိုင်းရင်းသား တိုင်းရင်းသူ ကိုးဦး၊ ရခိုင် တိုင်းရင်းသား တိုင်းရင်းသူ ၃၄ ဦး၊ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူ ၄၁ ဦး ပါဝင်ပါသည်။

မိမိတို့နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်သော နိုင်ငံဖြစ်သည်။ “မြန်မာ”ဟူသော ဝေါဟာရသည် တိုင်းရင်းသားမျိုးနွယ်စုများဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ကျန်တိုင်းရင်းသားမျိုးနွယ်စုအားလုံးကို ပေါင်းရုံး၍ ခေါ်ဆိုခြင်းဖြစ်သည်။ တိုင်းရင်းသားအားလုံးတို့သည် နိုင်ငံတော်အပေါ် ကျရောက်လာသည့် အခက်အခဲများကို စုပေါင်းအားဖြင့် လက်တွဲတွန်းလှန် ကာကွယ်ခဲ့ကြသကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် စည်ပင်ဝပြောသည့် နိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့ကြသည်။

**ပြည်ထောင်စုစိတ်ဓာတ်ဟူသည်**

ပြည်ထောင်စုစိတ်ဓာတ်ဟူသည် **“တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ အားလုံးသည် သွေးချင်းညီအစ်ကိုများဖြစ်ပြီး အရေးကြီးလျှင် သွေးနီးကြသောစိတ်၊ တောင်ပေါ်မြေပြန့် မခွဲခြား၊ အားလုံးသည် သားချင်းများဖြစ်ပြီး နိုင်ငံတော်ကို ပူးပေါင်းကာကွယ်စောင့်ရှောက်ကြမည်ဆိုသောစိတ်၊ မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ၊ ဥမကွဲ သိုက်မပျက် အတူတကွချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသောမိသားစုများ”**ဆိုသည့် စိတ်ဓာတ်ပင်ဖြစ်သည်။ ပြည်ထောင်စုကြီး၏ အသက်ဝိညာဉ်သဖွယ် အရေးကြီးသော အဆိုပါစိတ်ဓာတ်များ ခိုင်မာရင့်သန်စေခဲ့သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၏ သမိုင်းကို အကျဉ်းမျှတင်ပြလိုပါသည်။

**ရည်ရွယ်ချက် ၅ ရပ်မှာ**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)သည် ၁၉၆၄ ခုနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ “တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်သော ပညာရေးဝန်ထမ်းကောင်းများ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်” ရည်ရွယ်၍ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၁ ခုနှစ်တွင် တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့ပါသည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အား တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် ၅ ရပ်ရှိပြီး အဆိုပါရည်ရွယ်ချက် ၅ ရပ်မှာ-

- ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲသည့် လူငယ်များ ဖြစ်လာစေရန်။
- ပါတီနိုင်ငံရေးကင်းစင်ပြီး စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သော ပညာရေးဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်။
- နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင်နိုင်စွမ်းရည်မြှင့်တင်ရန်။
- ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်မှုကို ရှေးရှု၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်လိုသည့် စိတ်ဓာတ်မွေးမြူပေးရန်။
- ပြည်ထောင်စုတိုင်းရင်းသား လူငယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များဖြစ်လာစေရန်တို့ ဖြစ်ပါသည်။

မတူကွဲပြားမှုများသည် သဘာဝတရားဖြစ်သည်။ မတူကွဲပြားမှုများကြားမှ တူညီသော စံတန်ဖိုးများမွေးမြူ၍ နိုင်ငံတော်အပေါ်တွင် တူညီသော စေတနာထားရှိသော အသိုက်အဝန်းတစ်ခု၊ မြန်မာနိုင်ငံ၏ မည်သည့်ဒေသမှ ရောက်ရှိလာသည် ဖြစ်စေ၊ မည်သည့်တိုင်းရင်းသားဖြစ်စေ၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ အပြန်အလှန်ချစ်ခင်လေးစားလက်တွဲထားသော အသိုက်အဝန်းတစ်ခုကိုပြပါဟုဆိုလျှင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)အား လက်ညှိုးညွှန်ပြရပါမည်။

**ပြည်ထောင်စုကျောင်းတော်ကြီး**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဟူသော တိုင်းရင်းသား လူငယ်မောင်မယ်များအတွက် အဆင့်မြင့်ပညာများဆည်းပူးရာ ပြည်ထောင်စုကျောင်းတော်ကြီးဖြစ်သည်။ တိုင်းရင်းသားလူငယ်မောင်မယ်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးကစ၍ နိုင်ငံတော်က လိုလေသေးမရှိ အခမဲ့တာဝန်ယူစောင့်ရှောက်ပေးထားပါသည်။ ကျောင်းအိပ်ကျောင်းစားဖြစ်ပြီး အိပ်ဆောင်တိုင်းတွင် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြရသဖြင့် နေထိုင်ရာအဝန်းအဝိုင်းသည်လည်း ပြည်ထောင်စုလေးသဖွယ်ဖြစ်နေသည်။ အိပ်ဆောင်များအား ကချင်၊ ကယား၊ ကရင်၊ ချင်း စသော တိုင်းရင်းသားမျိုးနွယ်စုနာမည်များ၊ တိုင်းရင်းသားဒေသအသီးသီး၏ အထင်ကရမြို့များ စသည်ဖြင့် မှည့်ခေါ်ထားပါသည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ထူးခြားချက်သည် Guardian စနစ်ဖြစ်သည်။ Senior အစ်မကြီးက မွန်တိုင်းရင်းသူ ဖြစ်ကောင်းဖြစ်မည်။ Junior ညီမငယ်က ကရင်တိုင်းရင်းသူ ဖြစ်ကောင်းဖြစ်မည်။ မတူညီသောဓလေ့၊ ဘာသာစကား၊ ရိုးရာယဉ်ကျေးမှုများမှ ညီရင်းအစ်ကို မောင်ရင်းနှမ သံယောဇဉ်ဖြင့် တူညီသောတန်ဖိုးများကို မွေးဖွားပေးနိုင်ခဲ့သည်။

**သင်ကြားရေးဌာန ၁၁ ဌာနဖြင့် သင်ကြားပို့ချ**

ဤကျောင်းတော်ကြီးတွင် သင်ကြားရေးဌာန ၁၁ ဌာနဖြင့် သင်ကြားပို့ချမှုဆိုင်ရာ သင်ရိုးညွှန်းတမ်းဘာသာရပ်များ၊ အခြေခံဘာသာရပ်များ၊ ဝိဇ္ဇာဘာသာရပ်များ၊ သိပ္ပံဘာသာရပ်များ၊ တွဲဖက်သင်ရိုးညွှန်းတမ်းဘာသာရပ်များနှင့် အထူးတွဲဖက်သင်ရိုးညွှန်းတမ်းဘာသာရပ်များ သင်ကြားကြရသည်။ အထူးတွဲဖက်သင်ရိုးညွှန်းတမ်းဘာသာရပ်များတွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့်

*စာမျက်နှာ ၇ သို့*

**❍ အထူးတွဲဖက် သင်ရိုးညွှန်းတမ်းဘာသာရပ်များတွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ၊ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုဘာသာရပ်များပါဝင်သည်။ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဘာသာရပ်များ ပါဝင်သည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)သည် စာကိုသင်ကြားရုံသာမက စိတ်ကိုလည်း သင်ကြားပေးသော ကျောင်းတော်ကြီးဖြစ်**

**❍ “စည်းလုံးခြင်းသည် အင်အား”ဟူသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ဆောင်ပုဒ်ဖြစ်ပြီး အနာဂတ်နိုင်ငံတော်ကြီးအတွက် သူတို့၏လက်များ မြဲမြံစွာတွဲထားကြသည်**



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

စာရိတ္တပညာ၊ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုဘာသာရပ်များ ပါဝင်သည်။ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဘာသာရပ်များ ပါဝင်သည်။ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)သည် စာကို သင်ကြားရုံသာမက စိတ်ကိုလည်း သင်ကြားပေးသော ကျောင်းတော်ကြီးဖြစ်သည်။

တိုင်းရင်းသားအချင်းချင်း ချစ်တတ်အောင် သင်သည်။ ဖေးမတတ်အောင် သင်သည်။ စာနာတတ်အောင် သင်သည်။ တိုင်းရင်းသားအသီးသီး၏ ဘာသာစကား၊ ရိုးရာဓလေ့စရိုက်များ သင်ကြားဖလှယ်ခွင့်ရရှိကြသည်။ မည်သည့်တိုင်းရင်းသား၊ တိုင်းရင်းသူဖြစ်စေ နှစ်သက်ရာ တိုင်းရင်းသားဘာသာစကားသင်ယူနိုင်သည်။ ကချင်တိုင်းရင်းသားက ကရင်ရိုးရာဝတ်စုံဝတ်ကာ ကရင်ရိုးရာအကကရင်း ပျော်နေသည်။ အချင်းချင်း ရိုးရာဝတ်စုံလဲလှယ်ကြသည်။ သူတို့တစ်တွေသည် ပြည်ထောင်စုသား ဖြစ်သည်ကို ဂုဏ်ယူဝင့်ကြွားကြသည်။ သူတို့တစ်တွေသည် မြန်မာနိုင်ငံသားဖြစ်၍ ဂုဏ်ယူဝင့်ကြွားကြသည်။ သူတို့တစ်တွေသည် အမိနိုင်ငံတော်ကြီးမှ မွေးဖွားပေးလိုက်သော ညီရင်းအစ်ကို မောင်ရင်းနှမများဖြစ်သည်။ သူတို့တစ်တွေသည် နိုင်ငံတော်ကို ထိလျှင် မချိအောင်နာတတ်ကြသည်။ **“စည်းလုံးခြင်းသည်အင်အား”** ဟူသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ဆောင်ပုဒ်ဖြစ်ပြီး အနာဂတ်နိုင်ငံတော်ကြီးအတွက် သူတို့၏လက်များ မြဲမြံစွာတွဲထားကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)သည် စတင်ဖွင့်လှစ်ခဲ့သော ၁၉၆၄ ခုနှစ်မှစ၍ ယနေ့အချိန်ထိ မဟာပညာရေးဘွဲ့ ၁၅၆ ဦး၊ မဟာဒဿနပညာရေးဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၇၉၃ ဦး၊ ဆရာအတတ်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်းဆရာအတတ်ပညာ ဒီပလိုမာ ၉၅၆ ဦး၊ အထူးမူလတန်းဆရာအတတ်သင်တန်း ၄၆၁ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး၊ စုစုပေါင်း ၁၄၄၉၅ ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဆရာ ဆရာမများအဖြစ်သာမက ဆရာဝန်၊ အင်ဂျင်နီယာ၊ ကွန်ပျူတာကျွမ်းကျင်ပညာရှင်များ၊ သူနာပြုဆရာ ဆရာမများ၊ ဌာနဆိုင်ရာအကြီးအကဲများလည်း ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုကြီး၏ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသားကျောင်းသူများ ကိုယ်ကာယကြံ့ခိုင်ရေး သိုင်းပညာရပ် လေ့ကျင့်နေမှုကို တွေ့ရစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ၏ ဩဝါဒခံယူပွဲတွင် ကျောင်းသား ကျောင်းသူများကိုယ်စား ချင်းတိုင်းရင်းသူတစ်ဦးက ဖော်ပြပါအတိုင်း ဂါရဝပြုတင်ပြခဲ့ပါသည်–

- “အနာဂတ်နိုင်ငံတော်ကို ဖန်တီးတည်ဆောက်ကြမယ့် မျိုးဆက်သစ် လူငယ်တွေကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေ ရှိလာအောင်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးသွားပါမယ်။”
- “အနာဂတ်မှာ အသိပညာကြွယ်ဝတဲ့ လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေးတွေမှာ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။”
- “ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားပါမယ်။”
- “နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တတ်စွမ်းသလောက် ပါဝင်ဆောင်ရွက်သွားပါမယ်။”
- “ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။”

**မျိုးဆက်သစ် တိုင်းရင်းသားလူငယ်များ**

အမိနိုင်ငံတော်ကြီးအတွက် မျိုးဆက်သစ်တိုင်းရင်းသားလူငယ်များ၏ ကတိကဝတ်များမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။ ကတိကဝတ်များက ကြက်သီးမွေးညင်းထစရာ၊ အားရကျေနပ်စရာကောင်းလှသည်။ ကတိကဝတ်များက ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း သား၊ သမီးများပီသလှစွာ ရဲရင့်ခိုင်ကျည်သည်။

ဤသား ဤသမီးများ၏ နိုင်ငံတော်အပေါ်ထားရှိသော မေတ္တာ၊ စေတနာသည်လည်း ကြီးမားသကဲ့သို့ ဤသား သမီးများသည် နိုင်ငံတော်အတွက် ထမ်းဆောင်ကြရမည့် တာဝန်များသည် ကြီးမားလှပါသည်။ ဤသား ဤသမီးများအတွက် အမိမြန်မာနိုင်ငံတော်ကြီးသည်လည်း ကျေနပ်ဝမ်းမြောက်နေမည်မှာ သေချာပါသည်။

မည်သို့ပင်ဆိုစေ ပြည်ထောင်စုကြီး၏ ပြည်ထောင်စု ကျောင်းတော်ကြီးဖြစ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)မှ မွေးဖွားသန့်စင်ပေးလိုက်သည့် နိုင်ငံ၏ အင်အား၊ အနာဂတ်များသည် နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွားအတွက် ကျရာတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ကြမည့် ပုံရိပ်များကို မြင်ယောင်လျက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၏ ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဤဆောင်းပါးဖြင့် ရေးသားဂုဏ်ပြုလိုက်ပါသည်။ ။

## သထုံမြို့နယ် နောင်ကုလားရှမ်းရွာ၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

**သထုံ အောက်တိုဘာ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၃ ရက်က နောင်ကုလားရှမ်းရွာ အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ နောင်ကုလားရှမ်းရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးကိုယ်စား အထက်တန်းပြဆရာမ ဒေါ်ဇာဇာဦးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်များအတွက် ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများဖတ်ရှုကြရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေး စသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောရာ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များ၊ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း/အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၅**
ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက် တာဝန်ထမ်းဆောင်ကြမည့်အရာထမ်း၊အမှုထမ်းများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံအမှာစကား ပြောကြားသည်။ **(ယာပုံ)**



တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ပသို့ သွားရောက်တာဝန် ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**မိတ်ဆက်တင်ပြ**

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန် ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက ၎င်းတို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ၊ ယခု သွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို မိတ်ဆက်တင်ပြကြသည်။

**သစ္စာစောင့်သိရိုသေရန်လို**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ အနေဖြင့် ဝန်ထမ်းတစ်ဦးအတွက် အရေးကြီးဆုံးတာဝန်မှာ နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရိုသေရန် လိုကြောင်း၊ သံတမန်ဆက်ဆံရေးတွင် "ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ" ဆိုသည့်အတိုင်း ရန်သူကိုမိတ်ဆွေဖြစ်အောင် ပြုလုပ်၍ မိမိ၏ ပန်းတိုင်သို့ ရောက်ရှိအောင် ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ သံတမန်တစ်ဦးသည် အရည်အသွေး၊ အရည်အချင်းများနှင့် ပြည့်စုံပြီး ဆင်ခြင်တုံတရားရှိရှိ ဆောင်ရွက်နိုင်မှသာ မိမိကိုယ်မိမိ တန်ဖိုးမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ သံတမန်ဆိုသည်မှာ လူအင်အားအနည်းဆုံးဖြင့် ကြီးမားသည့်တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်သည့်အတွက် သံတမန်အရည်အသွေးများ တိုးတက်နေအောင်၊ ထက်မြက်နေအောင် ကြိုးစားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲနေမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်နေရမည် ဖြစ်ပြီး တာဝန်ထမ်းဆောင်ရာတွင် မိမိနိုင်ငံ၏ အကျိုးဖြစ်ထွန်းအောင်၊ ဆက်ဆံရေး တိုးတက်အောင် ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သံတမန်တစ်ဦးအနေဖြင့် သံခင်းတမန်ခင်း ကျွမ်းကျင်မှုအပြင် ညှိနှိုင်းဆွေးနွေးမှု၊ နည်းနာကျွမ်းကျင်မှုနှင့် ဘာသာစကားများ ကျွမ်းကျင်မှုရှိအောင် ကြိုးစားကြရမည်ဖြစ်ပြီး ကမ္ဘာသုံးဘာသာစကား၊ သွားရောက် တာဝန်ထမ်းဆောင်မည့် နိုင်ငံ၏ ဘာသာစကားကိုပါ တတ်မြောက်နိုင်ရေး ကြိုးစားလေ့လာ သင်ယူစေလိုကြောင်း၊ အများ၏ စုပေါင်းအားဖြင့် ဆောင်ရွက်ခြင်းသည် လုပ်ငန်းကို ပိုမိုထိရောက်ခရီးရောက်စေသည့်အတွက် ညီညွတ်မှုရှိကြရန် တိုက်တွန်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အွန်လိုင်းစနစ်ဖြင့် လက်ခံကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**
မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်သည့် (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို အွန်လိုင်းစနစ်ဖြင့် ကျင်းပလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် (၂၄) ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်သည်။





**တက်ရောက်**

(၂၄)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများက အစည်းအဝေး၏ ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တီမောလက်စ်တေနိုင်ငံ၊ အပေါင်းသုံးနိုင်ငံများ ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးသစ်တောဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ အဆင့်မြင့်အရာရှိများ၊ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအပေါင်းသုံး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မဟာဗျူဟာ (၂၀၁၆-၂၀၂၅) အရ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများဖြစ်ကြသော အာဆီယံအပေါင်းသုံး ဆန်အရန်ရိက္ခာထားရှိရေးအစီအစဉ်၊ အာဆီယံစားရေရိက္ခာဖူလုံရေးသတင်းစနစ်ဆိုင်ရာလုပ်ငန်းများ၊ ဇီဝစွမ်းအင်ဖွံ့ဖြိုးတိုးတက်စေရေး စီမံချက်များ၊ ရေရှည်တည်တံ့သောသစ်တောကဏ္ဍ စီမံခန့်ခွဲရေးဆိုင်ရာစီမံကိန်းများ၊ အပင်နှင့် တိရစ္ဆာန် ကျန်းမာရေးထိန်းချုပ်ရေးလုပ်ငန်းများ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးပြည့်မီစေရေးနှင့် ဈေးကွက်ရရှိရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ကြပြီး ၂၀၂၅ ခုနှစ်အလွန်တွင် အာဆီယံနှင့်အပေါင်းသုံးနိုင်ငံများရှိ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ပူးပေါင်းဆောင်ရွက်သင့်သည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်များ ချမှတ်ခဲ့ကြသည့်အပြင် အစည်းအဝေး၏ ပူးတွဲကြေညာချက်ကိုလည်း အတည်ပြုခဲ့ကြသည်။

**အသိပေးကြေညာ**

၎င်းနောက် ဖိလစ်ပိုင်နိုင်ငံမှ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၂၄) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် In Person ဖြင့် လက်ခံကျင်းပမည်ဖြစ်ပါကြောင်း ဖိလစ်ပိုင်နိုင်ငံ၏ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ရိုက်ကူးထားသည့် ဗီဒီယိုပြသ၍ အစည်းအဝေးသို့ အသိပေးကြေညာခဲ့သည်။

မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်သည့် (၈) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အတူ အိန္ဒိယနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာန ဝန်ကြီး H.E Shri Shivraj Singh Chouhan တို့က ပူးတွဲ သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တီမောလက်စ်တေနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေး သစ်တောဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိများ၊ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကာလလယ်လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅)၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံ-အိန္ဒိယ စိုက်ပျိုးရေးနှင့် ဆက်စပ် သိပ္ပံဘာသာရပ်များအတွက် ပညာသင်ဆုပေးအပ်ခြင်းစီမံကိန်း၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ မြေဆီလွှာကျန်းမာရေးကို ကတ်ပြားအသုံးပြုစစ်ဆေးခြင်းဖြင့် ဂေဟစနစ်အားပြန်လည် ကောင်းမွန်စေသည့် စိုက်ပျိုးရေးစနစ်ဆိုင်ရာ စီမံကိန်းနှင့် ဉာဏ်ရည်တုအသုံးပြုခြင်း၊ အင်တာနက်နှင့် အာရုံခံချစ်ပြားတို့ကို အသုံးပြု၍ ကိန်းဂဏန်းအချက်အလက်များ တိုင်းထွာခြင်း၊ ကွန်ပျူတာဉာဏ်ရည်စနစ်ဖြင့် တိကျသည့် စိုက်ပျိုးရေးစနစ်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်းတို့ အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်အပေါ် အတည်ပြုခဲ့ကြသည်။

၎င်းနောက် ၂၀၂၆ ခုနှစ်တွင် ပြုလုပ်မည့် (၉) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကို အိန္ဒိယနိုင်ငံမှ လက်ခံကျင်းပမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၏ ကိုယ်စားလှယ် ခေါင်းဆောင်က ကြေညာခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၅**
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၅

**ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




အစည်းအဝေးသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါ်နုမြဇံ၊ ဒေါက်တာမိုးဇော်ထွန်း၊ ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလွတ်ခုန်လေထီးသရုပ်ပြအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို) တို့မှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမျိုးသား အားကစားပွဲတော်သည် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးအတွက် ရည်ရွယ်ကျင်းပသည့် အနှစ်သာရပြည့်ဝသော ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်နှင့် လူငယ်များ၏ အားမာန်ကို ပြသသည့် အားကစား ပွဲတော်ကြီးဖြစ်ပြီး အမျိုးသားစိတ်ဓာတ်များ နိုးကြားလာစေရေး စွမ်းဆောင်ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးမှ ပြည်သူများနှင့် နိုင်ငံတကာမှ လာရောက်အားပေးကြည့်ရှုနိုင်စေရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် အရေးပါသည့် အခမ်းအနားဖြစ်သည့်အတွက် အလေးအနက်ထား ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။(အပေါ်ယာပုံ)

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ပါဝင်ဖျော်ဖြေတင်ဆက်မည့် ခေတ် ၆ ခေတ်အကတွင် ဝတ်ဆင်မည့်ခေတ်အလိုက် ဝတ်စုံနမူနာပုံစံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ ဒေါက်တာအောင်ဇေယျတို့က ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး၊ ပြည်နယ် အလံများနှင့် အမျိုးသား အားကစားပွဲတော်အလံကို Free Fall ဖြင့် ကွင်းအတွင်း သယ်ဆောင်ခြင်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်၊ နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ၊ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်ချက်များနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ နှင့် တက်ရောက်လာသူများက ကျောင်းသား ကျောင်းသူများ၏ သရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်နိုင်ရေး၊ မီးရှူးမီးပန်း အလှဆင် ပစ်ဖောက်ရန် ဆောင်ရွက်ထားရှိမှု၊ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ရေး ဆောင်ရွက်မည့် အစီအစဉ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲတွင်ပါဝင်မည့် ဖျော်ဖြေရေး အစီအစဉ်များ၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု(**ယာပုံ**)နှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဝါစိုက်တောင်သူများ၊ မတ်ပဲစိုက်တောင်သူ၊ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက တောင်သူများအနေဖြင့် ဝါများအထွက်တိုးရေး မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ ထွက်ရှိလာသော ဝါများအား ဈေးကွက်သေချာစွာရရှိရေး ဝါကြိတ်စက်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကျေးရွာတောင်သူများ အနေဖြင့်လည်း လိုအပ်သည့် မျိုးကောင်း မျိုးသန့်များနှင့် သွင်းအားစုများရရှိရေး စိတ်တူကိုယ်တူ ဆန္ဒတူသူများဖြင့် သမဝါယမ အသင်းအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ၊ သမဝါယမ အသင်းရန်ပုံငွေ၊ သွင်းအားစု လုပ်ငန်းရှင်များနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး အသင်းသား တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တပ်ကုန်းမြို့နယ်အတွင်းရှိ သူဌေးကုန်းကျေးရွာနှင့် မကျီးကုန်းကျေးရွာတို့မှ သမဝါယမအသင်းသား မတ်ပဲစိုက်တောင်သူ ၁၅ ဦး၏ မတ်ပဲစိုက် ဧက ၂၄ ဧကအတွက် တစ်ဧကလျှင် မတ်ပဲမျိုးစေ့ ၁၀ ပိဿာနှုန်းဖြင့် စုစုပေါင်း ပိဿာ ၂၄၀ အပါအဝင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မတ်ပဲစိုက်ဧကများအတွက် စုစုပေါင်း မတ်ပဲမျိုးစေ့ ပိဿာ ၁၃၅၀ ကိုလည်းကောင်း၊ ချောင်းကမ်းကြီးကျေးရွာနှင့် ရှားတောကျေးရွာတို့မှ စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းတို့မှ နေကြာစိုက် အသင်းသား တောင်သူများ၏ နေကြာစိုက်ဧက ၁၅၀ အတွက် စမ်းဝတီသဘာဝမြေဩဇာအိတ် ၁၅၀ အပါအဝင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ နေကြာစိုက်ဧက ၂၀၅၃ ဧကအတွက် စမ်းဝတီ သဘာဝမြေဩဇာ ၁၀၀၅ အိတ်ကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြောက်မြိုက်ကျေးရွာအုပ်စု ဒဟတ်ကုန်းကျေးရွာ လင်းရောင်ခြည်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း အသင်းသားတောင်သူ ၁၉ဦးတို့၏ ဝါစိုက်ဧက ၃၂ ဧကကျော်တွင် စိုက်ပျိုးထားသော မိုးဝါများ ဆွတ်ခူးနေမှု အခြေအနေကိုလည်းကောင်း၊ အေးချမ်းသာစံပြကျေးရွာ၌ ပုဂ္ဂလိကလုပ်ငန်းရှင်၊ ကျေးရွာကော်မတီတို့ ပူးပေါင်း၍ စက်ရက်ကန်းဖြင့် ပိတ်စများ ထုတ်လုပ် ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများ နေပြည်တော်ရှိ ပြန်ကြားရေးလုပ်ငန်းဆိုင်ရာများ ကြည့်ရှုလေ့လာ



**နေပြည်တော် အောက်တိုဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စီစဉ်ကျင်းပသည့် ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ကြသည့် အုပ်ချုပ်သူဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ရောက်ရှိပြီး ကပြဖျော်ဖြေတင်ဆက်မှုများ၊ သတင်းထုတ်လွှင့်မှုများ၊ စိန်ရတုပြတိုက်အတွင်း ခင်းကျင်း ပြသထားမှုများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့သည် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းစာတိုက်များနှင့် နေပြည်တော်ပုံနှိပ်စက်ရုံတို့ကိုသွားရောက်ကြည့်ရှုလေ့လာကြသည်။

ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်သူများအားလုံးအတွက် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ပြန်လည်သုံးသပ်ရန်၊ သတင်းရယူမှုအခြေအနေ တိုးမြှင့်လာစေရန်နှင့် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ဂုဏ်ပြုနိုင်ရန်၊ ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထု အသိပညာများ မြှင့်တင်ရေး စည်းရုံးနှိုးဆော်မှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်အဖြစ် UNESCO က ဦးဆောင်၍ ၂၀၁၂ ခုနှစ်မှ စတင်ကာ ကမ္ဘာတစ်ဝန်းတွင် ကျင်းပလာခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်မှ စတင်၍ ပါဝင်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၅**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး သုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



ရှမ်းပြည်နယ် ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။

**ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၄)သင်တန်းဆင်းပွဲ နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပ**

ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၄)သင်တန်း ဆင်းပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပပြုလုပ်ကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်း စစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်း ထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။



ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။

**သင်တန်းဆင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြား**

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၄)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကား ပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြသည်။

**အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြား**

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၄)ကို ၂၀၂၄ ခုနှစ် ဩဂုတ် ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ်ဘာသာရပ်များကို လည်းကောင်း၊ စစ်နည်းဗျူဟာဘာသာရပ်ကို လည်းကောင်း စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြား လေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်ရေး ဘာသာရပ်နှင့် အထွေထွေဘာသာရပ်များကိုလည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး အတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့ သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*





ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၁၀ မှ*

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (Team-Work) ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည် ဖြစ်သည်။



ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်။

"ဒီသင်တန်းတက်ရောက်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကို ကာကွယ်ဖို့နဲ့ နိုင်ငံက လိုအပ်လာတဲ့ အခါကျတော့ ကျွန်တော့်ဘက်က အသင့်ဖြစ်ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မယ်။ နောက်ပြီး နိုင်ငံတော်ကိုလည်း ကာကွယ်လို့ရတယ်။ ကျွန်တော်တို့ သင်တန်းကာလတွေပြီးသွားတဲ့အခါ ကိုယ့်တာဝန်ကိုယ်ပြီးဆုံးတဲ့အခါ ကျွန်တော်တို့ ရပ်ရွာက မိသားစုတွေကိုလည်း ကာကွယ်လို့ရတယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ စစ်ပညာတွေလည်း သင်ကြားတတ်မြောက်ပြီးဖြစ်တဲ့ အတွက် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မယ်လို့ စိတ်ကူးထားပါတယ်ခင်ဗျ။"



ရှမ်းပြည်နယ် ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။

"ကျွန်တော် လာရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကိုကာကွယ်ဖို့နဲ့ ကျွန်တော်တို့ မိသားစုကို ကာကွယ်နိုင်ဖို့အတွက်



မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။

အောင်လို့ ဒီသင်တန်းကို လာရောက်တက်တာပါ။ ကျွန်တော်က တစ်ကျောင်းလုံးရဲ့ ကိုယ်စားအနေနဲ့ စံပြဆုကို ရရှိခဲ့တာပါ။ ဒီဆုကိုရရှိဖို့ တော်တော့်ကိုလည်း ကြိုးစားခဲ့ရပါတယ်။ သင်ခန်းစာတွေအားလုံးကို စိတ်ပါဝင်စားစွာနဲ့ လုပ်ဆောင်ခဲ့ပါတယ်။ အကျင့်စာရိတ္တ ကောင်းမွန်အောင် စည်းကမ်းကအစ အကုန်လုံးကို တလေးတစားနဲ့ လိုက်လုပ်ဆောင်ခဲ့ရပါတယ်။ အဓိကကတော့ ဝင်ရောက်ရခြင်း ဖြစ်ပါတယ်။ ဒီမှာသင်ကြားခဲ့တဲ့ ပညာရပ်တွေနဲ့ မိသားစုတင်မကဘဲနဲ့ ရပ်ရွာ အေးချမ်း သာယာရေးအတွက်ရော၊ ပြည်သူလူထုအတွက်ရော၊ နိုင်ငံတော်အတွက်ရော ကာကွယ်သွားဖို့ အစီအစဉ်ရှိပါတယ်။ သင်တန်းက အကျိုးကျေးဇူးရခဲ့တာတွေကတော့ အများနဲ့ ဆောင်ရွက်တတ်တဲ့ အကျိုးကျေးဇူးတွေ၊ ပြီးတော့ကိုယ်ချင်းစာနာတတ်မှုတွေ ဒီရောက်မှ ပိုပြီးသိရှိလာရတယ်။ နောက်ပြီး တပ်မတော်သားတွေရဲ့ အနေအထိုင် ပြုမူကျင့်ကြံတာတွေ နားလည်လာတယ်။ ပင်ပန်းနွမ်းနယ်မှုတွေ၊ ရှေ့တန်းမှာ ပြည်သူလူထုရဲ့ အိုးအိမ်စည်းစိမ်တွေ ကာကွယ်ပေးရတဲ့ ရည်ရွယ်ချက်တွေ၊ ပြီးရင် ဆောင်ပုဒ်တွေ အများကြီး နားလည်လာတယ်၊ သိရှိလာရတယ်။ ဒီအတွက် ကိုယ်ချင်းလည်းစာတယ်။ ဒီဟာတွေကို သိရှိလာရတဲ့အတွက်





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းသားများ။

ကိုယ့်ကိုယ်ကိုယ် စစ်သားဖြစ်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ စရောက်တော့ တော်တော်လေးခက်ခဲပါတယ်။ နောက်မှ တဖြည်းဖြည်းချင်း Step by Step သွားရင်းနဲ့မှ သူငယ်ချင်းတွေနဲ့၊ အများနဲ့ ပူးပေါင်း ဆောင်ရွက်တတ်လာတယ်။ အဲဒီအားသာချက်လေးတွေ ရှိလာတယ်။ ဒီရောက်တော့ စည်းကမ်းရှိလာတယ်။ အရာရာအားလုံးလည်း ပြတ်သွားတယ်။ အရင်တုန်းက တော်တော်လေး ဆိုးခဲ့တဲ့ ဘဝကနေ အခုဆို တော်တော်လေးလိမ္မာလာတယ်လို့ ကိုယ့်ကိုယ်ကိုယ် မြင်မိတယ်။ လာရောက်ပြီး နောက်ထပ် သင်တန်းတက်မယ့် ညီအစ်ကိုတွေအတွက် ဘာမှအားမငယ်ပါနဲ့ ဒီကိုရောက်ရင် အားလုံးအဆင်ပြေမှာပါ။ ဒီရောက်လာရင် ပိုပြီး စည်းကမ်းရှိလာမယ်။ အမိန့်နာခံတတ်မှုတွေ ရှိလာမယ်။ အများနဲ့ ပူးပေါင်းဆောင်ရွက်တတ်မှုတွေ ရှိလာမယ်။ အဲဒီ အကျိုးကျေးဇူးတွေ ရမှာပါ။ ညီအစ်ကိုတို့အနေနဲ့ ဒီရောက်တဲ့ အခါမှာလည်း ဘာမှကြောက်နေစရာမလိုပါဘူး။ အားလုံး အဆင်ပြေသွားမှာပါလို့ ပြောချင်ပါတယ်ခင်ဗျ။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၄)မှ နိုင်ငံ့သားကောင်း စစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲမြင်ကွင်းပုံရိပ်များ



ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ပဲခူးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ် ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်း ထရာမီ ဝင်ရောက်မှုကြောင့် ၈၁ ဦးသေဆုံးပြီး ၂၀ ပျောက်ဆုံး

မနီလာ အောက်တိုဘာ ၂၅

**ဖိလစ်ပိုင်နိုင်ငံသို့ ယခုသီတင်းပတ်အတွင်း အပူပိုင်းမုန်တိုင်း ထရာမီ ဝင်ရောက်တိုက်ခတ်ပြီး ဆိုးရွားသည့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားသဖြင့် သေဆုံးသူပေါင်း ၈၁ ဦးရှိလာပြီး အခြား လူ ၂၀ ခန့် ပျောက်ဆုံးနေဆဲဖြစ်သည်ဟု အာဏာပိုင်များက အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားသည်။**

သေဆုံးသူများမှာ မြို့တော် မနီလာတောင်ပိုင်း ဘာတန်ဂစ်ပြည်နယ်၌ ၄၇ ဦးနှင့် မနီလာအရှေ့တောင်ပိုင်း ဘီကိုဒေသ၌ ၂၈ ဦးတို့ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ထရာမီနှင့် ဆက်စပ်ပြီး သေဆုံးသူလေးဦးမှာ ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့ရှိ နေရာဒေသတို့မှဖြစ်သည်။ ကိုးနှစ်အရွယ်ကလေးတစ်ဦးနှင့် တစ်လသားအရွယ်ကလေးတစ်ဦးတို့ကို ကယ်တင်နိုင်ခဲ့သည်ဟု ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် ထုတ်ပြန်ထားသည်။

ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ (၁၁) ကြိမ်မြောက် ဝင်ရောက်တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ထရာမီသည် ပင်မလူဇုန်ကျွန်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဘီကိုနှင့် ကယ်လာဘာဇွန်ဒေသတို့၌ ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ မုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းဒေသ ၁၅ ခုထက်မနည်းတွင် လူပေါင်း ၂ ဒသမ ၆ သန်းကျော် ထိခိုက်ခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲမှုကောင်စီက ပြောကြားသည်။

ဆင်ဟွာ



ဖိလစ်ပိုင်နိုင်ငံ၌ ရေကြီးမှုကြောင့် ကယ်ဆယ်ရေးသမားများက ဒေသခံများကို ကယ်ဆယ်ရေးလုပ်ဆောင်နေစဉ်။

## အိုဘားမားနှင့် ဟားရစ်တို့ ပထမဆုံးအကြိမ်အဖြစ် မဲဆွယ်စည်းရုံးမှု အတူတကွလုပ်ဆောင်

**ဝါရှင်တန် အောက်တိုဘာ ၂၅**

အမေရိကန် သမ္မတဟောင်း ဘားရက်အိုဘားမားသည် ဒီမိုကရက်တစ် သမ္မတလောင်း ကာမလာဟားရစ်နှင့် ပူးပေါင်း၍ မဲဆွယ်စည်းရုံးပွဲ ပြုလုပ်ခဲ့သည်။

အမေရိကန် ရွေးကောက်ပွဲမတိုင်မီ နှစ်ပတ်အလိုတွင် ယခုလို အတူတကွ မဲဆွယ်စည်းရုံးပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အိုဘားမားသည် ဒီမိုကရက်တစ်များကြားတွင် ယနေ့တိုင် လူကြိုက်များဆဲဖြစ်ပြီး အောက်တိုဘာ ၂၄ ရက်က ဂျော်ဂျီယာပြည်နယ်၌ ကာမလာ ဟားရစ်နှင့်အတူတကွ မဲဆွယ်စည်းရုံးခဲ့ခြင်းဖြစ်သည်။





သမ္မတဟောင်း ဖြစ်သူ အိုဘားမားသည် ကာမလာဟားရစ်ကို နိုင်ငံရေးအရ ထောက်ခံသူဖြစ်ပြီး ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ်အဖြစ် မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုတွင် အတူတကွ ပါဝင်ခဲ့ခြင်းဖြစ်သည်။

အဆိုတော် ဘီယွန်းစေးသည် အောက်တိုဘာ ၂၅ ရက်တွင်ပြုလုပ်မည့် ဟားရစ်၏ မဲဆွယ်စည်းရုံးရေး ပွဲများတွင် ပါဝင်မည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

## ပါလက်စတိုင်းသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ အမေရိကန်ဒေါ်လာ ၁၃၅ သန်းကူညီမည်ဟု ဘလင်ကန်ပြော

**ဝါရှင်တန် အောက်တိုဘာ ၂၅**

ပါလက်စတိုင်းပြည်သူများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နောက်ထပ်အကူအညီ အမေရိကန်ဒေါ်လာ ၁၃၅ သန်း ထောက်ပံ့ပေးသွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က အောက်တိုဘာ ၂၄ ရက်က ၎င်း၏ အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း ပြောကြားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေးကို ဟားမားစ်တို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အချိန်မှစတင်ကာ (၁၁) ကြိမ်မြောက်အဖြစ် အရှေ့အလယ်ပိုင်းသို့သွားရောက်သည့် ခရီးစဉ်အတွင်း ကာတာနိုင်ငံ၌ ဘလင်ကန်က ယခုလိုကြေညာခဲ့ခြင်းဖြစ်သည်။ မကြာသေးမီက ဟားမားစ်ခေါင်းဆောင် ယာရာဆင်ဝါ အသတ်ခံရပြီးနောက် ပဋိပက္ခများကိုလျှော့ချရန် အမေရိကန်ပြည်ထောင်စုက အစ္စရေးကို တောင်းဆိုခဲ့သည်။ ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများစီးဝင်မှု ပိုမိုခွင့်ပြုပေးရန်လည်း အမေရိကန်က အစ္စရေးကို တိုက်တွန်းခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ ပြည်သူများမှာ အကူအညီများရရှိရန် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်။ အစ္စရေး၏ ဂါဇာဒေသတွင်ရရှိသည့် စစ်ရေးအရအောင်မြင်မှုသည် ပါလက်စတိုင်းအရပ်သားများ၏ ကြီးမားသောပေးဆပ်မှုဟု အောက်တိုဘာ ၂၄ ရက်က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး တဲလ်အဗီးမြို့ ဘန်ဂူရီယန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိစဉ် သတင်းထောက်များကို ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဂါဇာ၌ အစ္စရေးလေကြောင်းတိုက်ခိုက်မှု သေဆုံးဒဏ်ရာရရှိသူ ၁၅၀ ထက်မနည်းရှိ

**ဂါဇာ အောက်တိုဘာ ၂၅**

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်း ဂျာဘာလီယာ၌ အစ္စရေး လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူ ၁၅၀ ထက်မနည်းရှိကြောင်း ဂါဇာရှိ ပါလက်စတိုင်း အရပ်ဘက် ကာကွယ်ရေးအဖွဲ့က အောက်တိုဘာ ၂၄ ရက်က ထုတ်ပြန်ထားသည်။

အစ္စရေးတပ်မတော်က ဂါဇာမြောက်ပိုင်းရှိ ဂျာဘာလီယာ ဒုက္ခသည်စခန်းအယ်လ်-ဟာဝါဂျာဒေသကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း အရပ်ဘက်ကာကွယ်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။ ဂါဇာမြောက်ပိုင်း၌ ကယ်ဆယ်ရေး ပြုလုပ်နေသည်များကို အစ္စရေးတပ်မတော်က တားဆီးနေသောကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူများကို ကယ်ဆယ်ရာတွင် ကြီးမားသည့် အခက်အခဲများနှင့် ကြုံတွေ့နေရသည်ဟု အရပ်ဘက်ကာကွယ်ရေးနှင့် ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းက ဆိုသည်။

ရုတ်တရက် အစ္စရေးတို့၏ ပြင်းထန်သည့် ဗုံးကြဲတိုက်ခိုက်မှု ပြုလုပ်ပြီးနောက် သေဆုံးသူများ၏ ရုပ်အလောင်းများမှာ လမ်းများနှင့် အိမ်များ၏ အပျက်အစီးများအောက်တွင် ရှိနေဆဲဖြစ်ကြောင်း ဒေသခံများက ပြောသည်။ ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့က ဆက်လက်တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူပေါင်း ၄၂၈၄၇ ဦး ရှိပြီဖြစ်ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေး အာဏာပိုင်များက အောက်တိုဘာ ၂၄ ရက်ကပြောကြားသည်။ **ဆင်ဟွာ**





## အိန္ဒိယနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း ဒါနာ ဝင်ရောက်မှုကြောင့် မိုးသည်းထန်စွာရွာသွန်း

**နယူးဒေလီ အောက်တိုဘာ ၂၅**

ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း ဒါနာ ဝင်ရောက်တိုက်ခတ်ခြင်းကြောင့် အိန္ဒိယနိုင်ငံအရှေ့ပိုင်း အိုဒစ်ရှနှင့် အနောက်ဘန်ဂေါပြည်နယ် ကမ်းရိုးတန်းဒေသတို့၌ အောက်တိုဘာ ၂၅ ရက်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပွားလျက်ရှိကြောင်း အာဏာပိုင်များက ဆိုသည်။

အိုဒစ်ရှနှင့် အနောက်ဘန်ဂေါပြည်နယ် ဒေသအများအပြားတွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ မှ ကီလိုမီတာ ၁၁၀ အထိရှိပြီး မုန်တိုင်းကြောင့် သစ်ပင်များလဲခြင်းနှင့် ဓာတ်အားလိုင်း ပြတ်တောက်ခြင်းတို့ဖြစ်ပေါ်ခဲ့သည်။ မုန်တိုင်းဝင်ရောက်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသများ၌ သီးနှံများလည်း ပျက်စီးခဲ့ရကြောင်း သိရသည်။

သို့သော်လည်း ယခုအချိန်အထိ မုန်တိုင်းကြောင့် သေဆုံးမှုကို ထုတ်ပြန်ထားခြင်းမရှိပေ။ မုန်တိုင်းမှာ ကုန်းတွင်းပိုင်းကို ဖြတ်ကျော်သွားခဲ့ပြီဟု အိန္ဒိယမိုးလေဝသဌာနက ထုတ်ပြန်ထားသည်။ ယင်းမုန်တိုင်းမှာ အိုဒစ်ရှမြောက်ပိုင်းကိုဖြတ်ပြီး အနောက်မြောက်ပိုင်းသို့ ရွေ့လျားသွားဖွယ်ရှိကြောင်းနှင့် လာမည့် ခြောက်နာရီအတွင်း အားပျော့သွားဖွယ်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နီးနှောဖလှယ်ပွဲကျင်းပ

## အလုပ်ရှင်၊ အလုပ်သမားများအကြား နှစ်ဖက်သမာသမတ်ကျစွာနှင့် မျှတစွာဆုံးဖြတ်ရန် လိုအပ်

နေပြည်တော် အောက်တိုဘာ ၂၅

**အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နီးနှောဖလှယ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ကျင်းပသည်။**

နီးနှောဖလှယ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ ကိုယ်စားလှယ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ မြန်မာပြည်အောက်ပိုင်းရှိ ခုံသမာဓိအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာခြင်းသည် အဓိကကျပါကြောင်း၊ မိမိတို့လုပ်ငန်းခွင်အတွင်း အခက်အခဲများ၊ လိုအပ်ချက်များ ဖြစ်ပေါ်လာပါက လုပ်ငန်းခွင်အတွင်း၌ ကနဦး ဆွေးနွေးညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း ညှိနှိုင်းဖျန်ဖြေသူများအနေဖြင့် အငြင်းပွားသူနှစ်ဖက်အကြား Win Win Situation ဖြစ်စေမည့် ရလဒ်ရရှိရေးဖျန်ဖြေပေးရန်နှင့် ခုံသမာဓိဖြင့် ဆုံးဖြတ်ဆောင်ရွက်သူများ အနေဖြင့်လည်း အငြင်းပွားသူ အလုပ်ရှင်၊ အလုပ်သမားများ အကြား နှစ်ဖက်သမာသမတ်ကျစွာနှင့် မျှတစွာဆုံးဖြတ်ရန် လိုအပ်ပါကြောင်း၊ Tripartite အဖွဲ့များ၏ အခန်းကဏ္ဍသည် အရေးကြီးခြင်းကြောင့် အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်နေသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီအဖွဲ့ဝင်များအနေဖြင့် အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေခြင်း၊ ကြားနာစစ်ဆေး ဆုံးဖြတ်ခြင်း ဆောင်ရွက်ရာတွင် မိမိသည် အလုပ်ရှင်ကိုယ်စားလှယ်ဖြစ်သည်၊ အလုပ်သမား ကိုယ်စားလှယ်ဖြစ်သည်ဆိုသည့် အဖွဲ့အစည်းစွဲမထားဘဲ ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**





ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးသည် ခုံသမာဓိကောင်စီဝင်များနှင့်တွေ့ဆုံ၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နီးနှောဖလှယ်ပွဲကျင်းပရသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနနှင့် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနတို့မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် စည်းကြပ်သည့် ဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်း ဆွေးနွေးကြပြီး တက်ရောက်လာသည့်ကိုယ်စားလှယ်များကို အုပ်စု (၃)စုဖွဲ့၍အုပ်စုလိုက် ဆွေးနွေးခြင်းများအပေါ် အပြန်အလှန် ဆွေးနွေးခြင်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၄ ခုနှစ်) အဌမအကြိမ် အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၂၅**

တပ်မတော်အနေဖြင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာများ အထောက်အကူပြုနိုင်ရန်နှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၄ ခုနှစ်) “Conference on Science and Technology Development – 2024” ကို အောက်တိုဘာ ၂၄ ရက်မှ စတင်ကျင်းပခဲ့ပြီး ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ပြင်ဦးလွင် တပ်နယ်စစ်တက္ကသိုလ် အဆင့်မြင့်စာပေပညာဗဟိုဌာန ငါးထပ်စာသင်ဆောင်၌ ကျင်းပပြုလုပ်ကြသည်။



အဆိုပါ ကွန်ဖရင့်သို့ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော် တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များနှင့်အရာရှိများ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ တပ်နယ်မှမဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်း တက်ရောက်နေသော သင်တန်းသား အရာရှိများ၊ ဗိုလ်လောင်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကိုယ်တိုင်လာရောက် စာတမ်း မဖတ်ကြားနိုင်သော Keynote Speaker များ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများက Video Conferencing ဖြင့် အခမ်းအနားသို့ တက်ရောက်ကြသည်။

နှစ်ရက်တာ ကွန်ဖရင့်ကျင်းပစဉ်ကာလအတွင်း ဖိတ်ကြားထားသော နိုင်ငံခြားသား ပညာရှင် (Keynote Speaker) လေးဦးက စာတမ်း လေးစောင်၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသန စာတမ်းရှင် ၁၀၂ ဦးက စာတမ်း ၁၀၂ စောင် စုစုပေါင်း သုတေသန စာတမ်း ၁၀၆ စောင် ဖတ်ကြားနိုင်ခဲ့ပြီး ပိုစတာ ၂၃ စောင်ကို ပြသနိုင်ခဲ့သည်။

သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့်ကို ၂၀၁၆ ခုနှစ်မှစပြီး နှစ်စဉ် ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် ကိုဗစ် – ၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ကျင်းပခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် သတ္တမအကြိမ်မြောက် ကျင်းပခဲ့ပြီး ယခုအကြိမ်သည် အဌမအကြိမ်မြောက် ကျင်းပသည့် ကွန်ဖရင့်ဖြစ်သည်။

သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့် (၂၀၂၄ ခုနှစ်)တွင် အကောင်းဆုံး စာတမ်းဆု ခြောက်ဆုနှင့် အကောင်းဆုံး ပိုစတာဆု နှစ်ဆု ပေးအပ်ချီးမြှင့်ရာ တပ်မတော် နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်တို့က ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက အမှာစကား ပြောကြားပြီးနောက် **(အပေါ်ဝဲပုံ)** သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၄ ခုနှစ်)ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မလေးရှားနိုင်ငံ၌ ကျင်းပသည့် မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ် ကယ်ဆယ်ရေးစွမ်းရည်ပြိုင်ပွဲ မီးသတ်ဦးစီးဌာနက Best Team Leader ဆုဆွတ်ခူး



**ရန်ကုန် အောက်တိုဘာ ၂၅**

မလေးရှားနိုင်ငံတွင် Fire and Rescue Department of Malaysia က ကြီးမှူး၍ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည့် မော်တော်ယာဉ် မတော်တဆမှုဖြစ်စဉ် ကယ်ဆယ်ရေး စွမ်းရည်ပြိုင်ပွဲ (Malaysia International Rescue Extrication Challenge–MIREC) အား အိမ်ရှင်မလေးရှားနိုင်ငံအပါအဝင် မကာအို၊ စင်ကာပူ၊ ဟောင်ကောင်၊ ဖိလစ်ပိုင်၊ မြန်မာ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်တို့မှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ယှဉ်ပြိုင်ခဲ့ရာတွင် မြန်မာနိုင်ငံ ကိုယ်စားပြုအသင်းအား ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲအပြီးတွင် မြန်မာနိုင်ငံ ကိုယ်စားပြုအသင်းမှ လက်ထောက်ညွှန်ကြားရေးမှူးဦးကောင်းမြတ်နောင်ကBest Team Leader ဆုဆွတ်ခူး၍နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်နိုင်ခဲ့သည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၅**– မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

*○ကျောဖုံးမှ*

အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ ယခု သတင်းသည် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ” အတွက် ထုတ်ပြန်ပေးသည့် နောက်ဆုံးသတင်းဖြစ်သည်။

**မိုး/ဇလ**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၅**
၂၀၂၄ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်အောင်မြင်မြင် ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲနိုင်စေရေးအတွက် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တက္ကသိုလ်/ နည်းပညာကျောင်းများ၊ အခြေခံပညာကျောင်းများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ သတ်မှတ်ထားသည့် လျာထားအင်အားစာရင်းများကို အတည်ပြုပေးနိုင်ရေးအတွက် ယခုအစည်းအဝေးအား ကျင်းပရခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများ အပါအဝင် ဝန်ထမ်းမိသားစုများပါ ပျော်ပျော်ပါးပါး အင်ပြည့်အားပြည့် လာရောက်ကြည့်ရှုအားပေးနိုင်စေရေးအတွက် လျာထားဖိတ်ကြား အင်အားစာရင်းများအပေါ် အတိုး/အလျော့ အပြောင်းအလဲများ ပြုလုပ်လိုပါက ယခုအစည်းအဝေးတွင် တင်ပြဆွေးနွေးပေးပါရန်နှင့် အတည်ပြုအင်အားစာရင်းများ ရရှိပါက အစမ်းလေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် တက်ရောက်ရမည့် ပရိသတ်အင်အားစာရင်းများကို ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီအဖွဲ့ဝင် လူငယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်က တင်ပြဆွေးနွေးရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနအသီးသီးမှ အရာရှိကြီးများက လျာထားဖိတ်ကြားအင်အားစာရင်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြမှုများအပေါ် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တင်ပြဆွေးနွေးခဲ့မှုများနှင့် အတည်ပြုပေးပို့လာသည့် တက်ရောက်အင်အားစာရင်းများကို ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ ဖွင့်ပွဲ/ပိတ်ပွဲများတွင် ပေးပို့ထားသည့် တက်ရောက်အင်အားစာရင်းများအတိုင်း အင်ပြည့်အားပြည့်တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ခံအရာရှိများက စိစစ်ကြပ်မတ်ဆောင်ရွက်ပေးသွားရန် ပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်အသင်း အောင်မြင်မှုရရှိစေရေးအတွက် ကော်မတီဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၅**
ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ ၂၀၂၄ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်အသင်း အောင်မြင်မှုရရှိစေရေးအတွက် ကော်မတီဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုအောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



**အမှာစကားပြောကြား**

ရှေးဦးစွာ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းက ရှမ်းပြည်နယ်အနေဖြင့် အားကစားနည်းအားလုံးကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယခင်အကြိမ်များထက် ဆုတံဆိပ်များ ပိုမိုရရှိနိုင်ရန်နှင့် ပြည်နယ်တိုင်းအဆင့် တိုးတက်ရရှိရေး ဝိုင်းဝန်းကြိုးစားကြရမည် ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့်လည်း ရှမ်းပြည်နယ်အသင်း အောင်မြင်မှုရရှိရေးအတွက် လိုအပ်ချက်များနှင့် ထောက်ပံ့မှုများရရှိနိုင်ရေး အချိန်မီဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်၍ ဆပ်ကော်မတီအသီးသီးမှလည်း မိမိတို့၏ အတွေ့အကြုံဗဟုသုတများနှင့် ပေါင်းစပ်ပြီး သက်ဆိုင်ရာ အားကစားနည်းများအလိုက် စခန်းသွင်းလေ့ကျင့်နေမှု အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အောင်နိုင်ရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်သိန်းက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီးအားကစားနည်းအလိုက် ကော်မတီများမှ တာဝန်ရှိသူများက စခန်းသွင်း လေ့ကျင့်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အားကစားနည်းအလိုက် အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌများမှ ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ အမျိုးသား အားကစားပွဲတော် အောင်နိုင်ရေးကော်မတီ၊ ဆပ်ကော်မတီအတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြကြောင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများက Video Conferencing ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**ဇော်နိုင်လင်း**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကအသက် ၁၀၀ နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ကို ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၅**
ကလေးမြို့နယ် ကြို့သုံးပင် (၁၁)ရပ်ကွက်နေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တပ်ကြပ်ငွန်ဒိုထန် (အငြိမ်းစား) အသက် ၁၀၁ နှစ်နှင့် မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက်နေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တပ်သား ဒေါင်လွမ်း (အငြိမ်းစား) အသက် ၁၀၃ နှစ်တို့ကို ယမန်နေ့က သက်ဆိုင်ရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပြုထောက်ပံ့ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ တပ်ကြပ် ငွန်ဒိုထန်(အငြိမ်းစား)ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် ကလေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို ဂါရဝပြုထောက်ပံ့ပေးအပ်သည်။



အလားတူ တပ်သား ဒေါင်လွမ်း (အငြိမ်းစား)ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပြုနှုတ်ဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို ဂါရဝပြု ထောက်ပံ့ပေးအပ်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလောမြို့နယ် အောင်ပန်းမြို့၌ ဝင်ငွေတိုးစီမံကိန်း တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

**ကလော အောက်တိုဘာ ၂၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ မိုးကောင်းရပ်ကွက်ရှိ သမဝါယမခန်းမတွင် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူးဖွင့်လှစ်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်မည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက်က ကျင်းပရာ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စီမံကိန်းအဖွဲ့ဝင်များ၊ ဒေသခံရပ်မိရပ်ဖများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်သည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးတို့က သင်တန်းသား သင်တန်းသူများအား သင်တန်းသုံးပစ္စည်းများပေးအပ်သည်။

အဆိုပါသင်တန်းကို အောင်ပန်းမြို့ မိုးကောင်းရပ်ကွက်နှင့်မင်္ဂလာရပ်ကွက်တို့မှ သင်တန်းသား သင်တန်းသူ ၁၅ ဦးအား စာတွေ့ လက်တွေ့ဖြင့် ပထမအကြိမ် အခြေခံသင်တန်းကို အောက်တိုဘာ ၂၅ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိသင်ကြားပေးမည်ဖြစ်ပြီး ဒုတိယအကြိမ်အဆင့်မြင့်သင်တန်းကို နိုဝင်ဘာ ၈ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပဒေသာ

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ကျင်းပခဲ့ရာ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။



**ကာလပေါ် / ခေတ်ဟောင်းတေး**

ကာလပေါ်/ခေတ်ဟောင်းတေး အဆိုပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား)ပြိုင်ပွဲ၌ ပထမဆု ရရှိသည့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးဘိုဘိုမင်း "ပန်းစုံတဲ့တော" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



**အက**

အကပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)ပြိုင်ပွဲ၌ ပူးတွဲပထမဆုရရှိသည့် တနင်္သာရီတိုင်း ဒေသကြီးမှ ဦးဇော်ထွေး (ခ) မိုးထက်အောင်၏ ကပြယှဉ်ပြိုင်ဟန်။




**ရုပ်သေးကြိုးဆွဲ**

ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ပွင့်နဒီမောင် မင်းသားကြိုးဆွဲ ရုပ်သေးရုပ်ဖြင့် ယှဉ်ပြိုင်စဉ်။




**ကဗျာလွတ်**

ကဗျာလွတ်ပြိုင်ပွဲ အခြေခံပညာအဆင့် (၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ကရင်ပြည်နယ်မှ မဆုသစ်သစ်နှင့် အဖွဲ့ ကပြယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




**ဆိုင်း (အတီး)**

ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)ပြိုင်ပွဲ၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးရဲထက်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။




**စောင်း (အတီး)**

စောင်းအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)ပြိုင်ပွဲ၌ ပထမဆု ရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မနန္ဒာအေး "ဇမ္ဗူကျွန်းလုံး" (သီချင်းခံ) သီချင်း ဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ကွက်စိပ်**

ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်ပြိုင်ပွဲ၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မောင်ဝေယံပိုင် (ခ) ပိုင်ပိုင်နီ "သမုဒ္ဒဝါဏိဇ ဇာတ်တော်" ဖြင့် ဟောပြောယှဉ်ပြိုင်စဉ်။



**ကာလပေါ် / ခေတ်ဟောင်းတေး**

ကာလပေါ်/ခေတ်ဟောင်းတေး အဆိုပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး) ပြိုင်ပွဲ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မလင်းလက်နွယ် "သုံးဆယ့်ရှစ်ဖြာမင်္ဂလာ" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။

**ဆိုင်း**

ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး)ပြိုင်ပွဲ၌ ပထမဆု ရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ချစ်စုဝေစတင်းနှင့်အဖွဲ့ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။






**စန္ဒရား (အတီး)**

စန္ဒရားအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား) ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ချင်းပြည်နယ်မှ မောင်အောင်သက်ပိုင်မှူး "တောမြိုင်ခြေလမ်း (ယိုးဒယား)" သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



**အက**

အကပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ရှမ်းပြည်နယ်မှ မဆုယွန်းရွှေရည်၏ ကပြယှဉ်ပြိုင်ဟန်။




**အရေး**

အရေးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ချမ်းငြိမ်းသော် "ထံတျာတေအစ မဟာဂီတ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စဉ်။

# ပန်းယွန်းလေးများ ပွင့်လန်းစေဖို့ ယွန်းပညာကောလိပ်သို့ တက်ရောက်ကြပါစို့

မောင်ကျော်မိုး (SSID)

*(ယမန်နေ့မှအဆက်)*

### ယွန်းပညာကောလိပ်သို့ တက်ရောက်မည့် သင်တန်းသားများ ရရှိနိုင်သော အခွင့်အရေးများနှင့် အခွင့်အလမ်းများ

ယွန်းပညာကောလိပ်သို့ တက်ရောက်မည့် သင်တန်းသားများရရှိနိုင်သော အခွင့်အရေးများနှင့် အခွင့်အလမ်းများမှာ အဆောင်အခမဲ့ နေထိုင်ခွင့်ရရှိခြင်း (ရေ၊ မီး အခမဲ့သုံးစွဲခွင့်)၊ ကျောင်းသားများအား လစဉ်ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်း၊ ကျောင်းသားများ လုံခြုံစိတ်ချစွာဖြင့် အေးချမ်းစွာ ပညာသင်ကြားနိုင်ခြင်း၊ သင်ကြားမှုအထောက်အကူဖြစ်စေရန် ကျောင်းဝင်းအတွင်း Fiber Internet နှင့် Multi-media Room တို့ကို အခမဲ့အသုံးပြုခွင့်ရရှိခြင်း၊ စားသောက်ရေးအတွက် စားရိပ်သာ ကော်မတီမှ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကိုယ်ခန္ဓာကျန်းမာ၊ ကြံ့ခိုင်ခြင်းအတွက် အားကစားပစ္စည်းများ ထားရှိပေးခြင်း၊ ပျော်ပွဲ၊ ရွှင်ပွဲ၊ အားကစားပွဲနှင့် ရာသီပွဲတော်များ ကျင်းပပြုလုပ်ပေးခြင်း၊ ပညာရေးဆုံးခန်းတိုင် သင်ကြားခြင်း မပြုနိုင်သော လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း အတတ်ပညာ သင်ယူနိုင်သည့် အခွင့်အလမ်းများရရှိခြင်း၊ ပုဂ္ဂလိကယွန်းထည်အလုပ်ရုံများတွင် ကျွမ်းကျင်လုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း၊ တစ်ပိုင်တစ်နိုင် လက်မှုလုပ်ငန်းငယ်များ ထူထောင်လာနိုင်ခြင်းနှင့် National Skills Standard Authority (NSSA) အသိအမှတ်ပြုကျွမ်းကျင်မှု(အဆင့်-၁) နှင့် (အဆင့်-၂)သို့ ဝင်ရောက်ဖြေဆိုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

### သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

ယွန်းပညာကောလိပ်သည် ယွန်းထည်ပညာရပ်အား ရိုးရာအမွေအနှစ် ထိန်းသိမ်းရုံမျှမကဘဲ ခေတ်မီနည်းပညာရပ်များဖြင့် ပေါင်းစပ်ဖန်တီးနိုင်ရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် သစ်စေးနှင့် ရောင်ခြယ်ဆေးမှုန့်များတွင် ပါဝင်သော ဓာတုဒြပ်ပေါင်းများ ရှာဖွေခြင်း၊ ရွှေ (ဟသ်ပဒါး) ထုတ်လုပ်မှုနည်းစနစ် စမ်းသပ်ဖော်ထုတ်ခြင်း၊ ဂျပန်ဆိုးဆေးမှုန့်များဖြင့် အစားထိုးစမ်းသပ်ခြင်း၊ သစ်စေးခြောက်သွေ့မှုကို တိုင်းတာခြင်းနှင့် ရွှေဇဝါယွန်းထည်များတွင် ပွတ်တိုက်မှုဒဏ်ကို ခံနိုင်ရန်အတွက် စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ယွန်းထည်ပစ္စည်းများ၌ အသုံးပြုသော မြန်မာဆိုးဆေးမှုန့်များနှင့် ဂျပန်ဆိုးဆေးမှုန့်များ၏ ဓာတုဒြပ်ပေါင်းပါဝင်မှု ပမာဏကို တိုင်းတာရှာဖွေခြင်း၊ ဒေသအလိုက်ထွက်ရှိသော သစ်စေးများ၏ လှိုင်းအလျား (Wavelength)ကို ရှာဖွေတိုင်းတာခြင်းနှင့် ဆေးဒါန်းထုတ်လုပ်သည့် နည်းစနစ်ကို ရှာဖွေစမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ယွန်းထည်ပစ္စည်းများအတွင်း မာကျူရီ (Hg)နှင့် အာဆင်းနစ်(As) ဓာတုဒြပ်ပေါင်းများပါဝင်မှုကို စမ်းသပ်တိုင်းတာခြင်း၊ သစ်စေးများ၏ စေးပျစ်မှု (Viscosity)ကို စမ်းသပ်တိုင်းတာခြင်း၊ သစ်စေးများကို သန့်စင်မှုရှိစေရန် ချက်လုပ်ရာတွင် လိုအပ်သောအပူချိန် (Temperature)၊ ကြာမြင့်ချိန်(Time Hour)နှင့် ရေဓာတ်ပါဝင်မှုများကို တိုင်းတာမှတ်သားခြင်းများ ဆောင်ရွက်ခြင်း၊ ယွန်းထည်ပစ္စည်းများအတွင်း ရေသန့်၊ မြစ်ရေ၊ တွင်းရေများ ထည့်သွင်း၍ အာဆင်းနစ် (As)၊ ဆိုဒီယမ်(Na)၊ သံဓာတ်(Fe)၊ ခဲဓာတ်(Pb) ပါဝင်မှုပမာဏများကို တိုင်းတာခြင်း၊ ယွန်းထည်ပစ္စည်းများအတွင်း သစ်သီးဖျော်ရည် (Fruit Juice)များ ထည့်၍ သံဓာတ်(Fe)၊ ပိုတက်ဆီယမ်(K)၊ ဇင့်ဓာတ် (Zn) ပါဝင်မှုပမာဏများကို တိုင်းတာခြင်း၊ သစ်စေးများ၏ စေးပျစ်မှု (Viscosity)နှင့် လှိုင်းအလျား(Wavelength) ရှာဖွေခြင်း၊ ဂျပန်ဆိုးဆေးမှုန့်များနှင့် မြန်မာဆိုးဆေးမှုန့်များတွင် ပါဝင်သော အာဆင်းနစ်(As)ပမာဏကို တိုင်းတာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် အစားအစာများတွင် ပါဝင်သည့် ခဲဓာတ် (Pb)၊ အာဆင်းနစ် (As)နှင့် မာကျူရီ(Hg) ပါဝင်မှုပမာဏတိုင်းတာခြင်းနှင့် အဆိုပါ အစားအစာများကို ယွန်းထည်များတွင် ထည့်၍ ပါဝင်မှုပမာဏပြောင်းလဲမှုအား တိုင်းတာခြင်း၊ အလှကုန် (Cosmetics) များနှင့် လိမ်းဆေး (Liniment) များတွင် ပါဝင်သော ခဲဓာတ်(Pb)၊ အာဆင်းနစ်(As) နှင့် မာကျူရီ(Hg) ပါဝင်မှုပမာဏ တိုင်းတာခြင်း၊ အရောင်ခံခြင်းအဆင့်နှင့် ယွန်းထပ်ခြင်းအဆင့်များတွင် သစ်စေးခြောက်သွေ့မှုအား လေ့လာရန် အပူချိန် (Temperature)နှင့် စိုထိုင်းဆ (Humidity)အမျိုးမျိုးထား၍ တိုင်းတာမှတ်သားခြင်းတို့ကို စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ယွန်းထည်များအတွင်း အန္တရာယ်ရှိ ဓာတုဒြပ်ပေါင်းများ ပါဝင်မှုလျှော့ချရန် စမ်းသပ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ယွန်းထည်ပစ္စည်းများတွင် သစ်စေးအနံ့ ပျောက်စေရန်၊ သစ်စေးအခြောက်မြန်စေရန်အတွက် Humidifier နှင့် Heater များအား အသုံးပြု၍ စမ်းသပ်ဆောင်ရွက်ခြင်း၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများတွင် ပါဝင်သော ဓာတုဒြပ်စင်များ ပါဝင်မှုပမာဏကို တိုင်းတာခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် နှံ့အစား အခြားအစားထိုးပစ္စည်း စမ်းသပ်ဆောင်ရွက်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များမှ စမ်းသပ်တွေ့ရှိသည့် နည်းပညာသစ်များအား မြန်မာ့ယွန်းထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များသို့ ဖြန့်ဝေလွှဲပြောင်းပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

### နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ

ယွန်းပညာကောလိပ် (ပုဂံ) သည် ယွန်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၅၃ ခုနှစ်ကတည်းက နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပါသည်။ ၁၉၅၃ ခုနှစ် ဂျပန်နိုင်ငံနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းရှိ ယွန်းထည်ထုတ်လုပ်သည့် ဒေသများမှ ယွန်းပညာရှင်များအား ဂျပန်ယွန်းပညာရပ်များကို လာရောက်ပို့ချခဲ့ပါသည်။ ၂၀၀၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဂျပန်နိုင်ငံ Asian Lacquer Craft Exchange Research Project နှင့် ပူးပေါင်း၍ နိုင်ငံတကာ ယွန်းပြပွဲများကျင်းပခြင်းနှင့် နည်းပညာဖလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ယွန်းပညာကောလိပ်နှင့် ဂျပန်နိုင်ငံ၊ Tokyo National Research Institute for Cultural Properties (TNRICP) တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ ယွန်းပြတိုက်အတွင်းမှ ရှေးဟောင်းယွန်းထည်ပစ္စည်းများ သုတေသနပြုလုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO) နှင့် ပူးပေါင်း၍ အီတလီနိုင်ငံမှ ဒီဇိုင်းပညာရှင် Ms. Doniela Bulgarelli က ယွန်းဒီဇိုင်းနှင့် ထုတ်ကုန်ဖွံ့ဖြိုးမှုသင်တန်းကို ယွန်းပညာကောလိပ်မှ ဝန်ထမ်းများနှင့် ပုဂံဒေသမှ ယွန်းလုပ်ငန်းရှင်များအတွက် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ယွန်းပညာကောလိပ်(ပုဂံ)နှင့် အီတလီနိုင်ငံ Accademia of Fine Arts (Turin) အနုပညာတက္ကသိုလ်တို့သည် လက်မှုအနုပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ဂျပန်နိုင်ငံ တိုကျိုအနုပညာတက္ကသိုလ်နှင့် ပူးပေါင်း၍ နှစ်နိုင်ငံ ယွန်းအနုပညာဖလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ယနေ့အထိ ယွန်းပညာကောလိပ်မှ ဆရာ ဆရာမများအား နိုင်ငံတကာသို့ ယွန်းပညာရပ်ဆိုင်ရာ ပညာသင်များစေလွှတ်ခြင်း၊ လေ့လာရေးခရီး စေလွှတ်ခြင်းနှင့် နှစ်နိုင်ငံအလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

### ပန်းယွန်းလေးများ ပွင့်လန်းစေဖို့ဆိုရာဝယ်

ယွန်းအတတ်ပညာရပ်များ မိမိတို့နိုင်ငံတွင် မတိမ်ကော မပပျောက်စေရန် ဆိုပါက အဆိုပါအတတ်ပညာရပ်အား လက်ဆင့်ကမ်းရယူကြမည့် မျိုးဆက်သစ်လူငယ်များသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထိုသို့ဆိုပါက ယွန်းပညာရပ်များအား စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပေးလျက်ရှိသော ယွန်းပညာကောလိပ်သို့ လူငယ်မျိုးဆက်သစ်များ တက်ရောက်ပညာသင်ကြရန် များစွာလိုအပ်လျက်ရှိပါသည်။ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏တာဝန်ကို စတင်ထမ်းဆောင်သည့် အချိန်မှစ၍ လူငယ်များ၏ ပညာရည်မြင့်မားရေးဆိုင်ရာကိစ္စရပ်များကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

"မိမိတို့နိုင်ငံတော်၏ အနာဂတ်အတွက် ပညာရည်ပြည့်ဝသည့် လူသားအရင်းအမြစ်များစွာ လိုအပ်လျက်ရှိသဖြင့် အနာဂတ်အတွက် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များမွေးထုတ်ပေးနိုင်ရေး ဆရာ ဆရာမများသာမက မိဘများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း" နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဩဂုတ်လ ၉ ရက်နေ့က တွေ့ဆုံစဉ် ပြောကြားခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်အကြီးအကဲ၏ ပုဂံ၊ ညောင်ဦးဒေသ ဖွံ့ဖြိုးရေးခရီးစဉ်တွင် ယွန်းပညာကောလိပ်သို့ ကိုယ်တိုင်ရောက်ရှိ၍ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံအားပေးခဲ့ပြီး ကျောင်း၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးခဲ့ပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်က အားပေးမြှင့်တင်ပေးနေသည့် ယခုလို အချိန်အခါသမယတွင် မြန်မာတို့၏ဂုဏ်ယူဖွယ် ရှေးဟောင်း အမွေအနှစ်တစ်ခုဖြစ်သော ပန်းယွန်းအတတ်ပညာရပ်အား ပုဂံဘုရားများဖူးမြော်ရင်း **"ပန်းယွန်းလေးများ ပွင့်လန်းစေဖို့ ယွန်းပညာကောလိပ်သို့ တက်ရောက်ကြပါစို့"** လို့ အနာဂတ်လူငယ်မျိုးဆက်များဆီသို့ တိုက်တွန်းရေးသားဖော်ပြအပ်ပါသည်။ ။




ယွန်းပညာကောလိပ်(ပုဂံ)

**"ယွန်းအတတ်ပညာရပ်များ မိမိတို့နိုင်ငံတွင် မတိမ်ကော မပပျောက်စေရန်ဆိုပါက အဆိုပါအတတ်ပညာရပ်အား လက်ဆင့်ကမ်းရယူကြမည့် မျိုးဆက်သစ်လူငယ်များသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထိုသို့ဆိုပါက ယွန်းပညာရပ်များအား စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပေးလျက်ရှိသော ယွန်းပညာကောလိပ်သို့ လူငယ်မျိုးဆက်သစ်များ တက်ရောက်ပညာသင်ကြရန် များစွာလိုအပ်လျက်ရှိ"**

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဗဟိုအဆင့် ဆုရရှိခဲ့သူများအား ထပ်ဆင့်ချီးမြှင့်ပွဲကျင်းပ



**ပဲခူး အောက်တိုဘာ ၂၅**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယမန်နေ့က (၂၅) ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဗဟိုအဆင့် ဆုရရှိခဲ့သူများအား ထပ်ဆင့် ချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၇ ခု၊ ကြေးတံဆိပ် ၂၈ ခု စုစုပေါင်း ဆုတံဆိပ် ၅၉ ခုရရှိခဲ့၍ ပြိုင်ပွဲဝင်များအား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ရွှေတံဆိပ်ဆုများ ပိုမိုရရှိနိုင်ရေးနှင့် ပဲခူးတိုင်းဒေသကြီး ဂုဏ်ဆောင်သူများ ဖြစ်အောင် ဆက်လက် ကြိုးပမ်းလေ့ကျင့်ယှဉ်ပြိုင်သွားစေလိုကြောင်း၊ ပြိုင်ပွဲဝင်များ၊ စနစ်တကျ သင်ကြားပေးခဲ့သည့် နည်းပြများ၊ လိုက်ပါဆောင်ရွက်ခဲ့သည့် အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဗဟိုအဆင့် ပထမ ရွှေတံဆိပ်ဆုရရှိသူ ၁၄ ဦးကို ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများအား ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ဒုတိယငွေတံဆိပ်ဆုရရှိသူ ၁၇ ဦးအား ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများကို လည်းကောင်း၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက တတိယ ကြေးတံဆိပ်ဆုရရှိသူ ၂၈ ဦးအတွက် ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဗဟိုအဆင့် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် ရရှိသူများနှင့် စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ပြီး နည်းပြဆရာများနှင့် ဆုရရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Unitrust Enterprise Group of Co., Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR ICAR03 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာအမျိုးသားလေကြောင်းလိုင်း ရန်ကုန် - ပုသိမ် - ညောင်ဦး - မန္တလေး ခရီးစဉ်ကို အောက်တိုဘာ ၂၇ ရက်မှစ၍ အချိန်ပြောင်းလဲ၍ ပျံသန်းပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ပြည်တွင်းခရီးစဉ်အသစ်ဖြစ်သော ရန်ကုန် – ပုသိမ် – ညောင်ဦး – မန္တလေး ခရီးစဉ်များကို အောက်တိုဘာ ၂၇ ရက်မှစတင်၍ လေယာဉ်အချိန်များကို မွန်းလွဲပိုင်းအချိန်သို့ ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ကုန် – ပုသိမ် – ညောင်ဦး – မန္တလေး ခရီးစဉ်ကို တနင်္ဂနွေနေ့တွင် ရန်ကုန်မှ နံနက် ၁၁ နာရီခွဲတွင် ထွက်ခွာပြီး ပုသိမ်သို့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ပုသိမ်မှ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင်ထွက်ခွာပြီး ညောင်ဦးသို့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ညောင်ဦးမှ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး မန္တလေးသို့ မွန်းလွဲ ၃ နာရီတွင်လည်းကောင်း၊ တနင်္လာနေ့တွင် မန္တလေး– ညောင်ဦး – ပုသိမ် – ရန်ကုန် ခရီးစဉ်များကို မန္တလေးမှ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ထွက်ခွာပြီး ညောင်ဦးသို့ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် လည်းကောင်း၊ ညောင်ဦးမှ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ထွက်ခွာပြီး ပုသိမ်သို့ ညနေ ၄ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ ပုသိမ်မှ ညနေ ၅ နာရီ ၁၀ မိနစ်တွင် ထွက်ခွာပြီး ရန်ကုန်သို့ ညနေ ၅ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်သည်။

ယင်းခရီးစဉ်အတွက် သတ်မှတ်ထားသောဈေးနှုန်းမှာ ရန်ကုန်မှ ပုသိမ်သို့ ငွေကျပ် ၁၆၀၀၀၀၊ ပုသိမ်မှ ညောင်ဦးသို့ ငွေကျပ် ၁၉၀၀၀၀၊ မန္တလေးမှ ညောင်ဦးသို့ ငွေကျပ် ၁၁၀၀၀၀၊ ရန်ကုန်မှ ညောင်ဦးသို့ ငွေကျပ် ၂၉၀၀၀၀၊ မန္တလေးမှ ပုသိမ်သို့ ငွေကျပ် ၃၆၀၀၀၀ သတ်မှတ်ထားပြီး ATR 72–600 လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲနှင့် ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာလှေလှော်အားကစားအဖွဲ့ ရွှေတံဆိပ်ဆုရရှိ

**ရန်ကုန် အောက်တိုဘာ ၂၅**



၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၃ရက်အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Yichang မြို့နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ Puerto Princesa မြို့တို့တွင် ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲ (2024 ICF Dragon Boat World Cup) နှင့် ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲ (2024 ICF Dragon Boat World Championships) ပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက်က ကျင်းပခဲ့ရာ အမျိုးသား ရှစ်တက်လှော် မီတာ ၂၀၀၀ တွင် မြန်မာလှေလှော်ကစားသမားများ ပထမ(ရွှေ) တံဆိပ်ဆုကို ဆွတ်ခူးရရှိထားကြောင်း သိရသည်။ အဆိုပါကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲ အမျိုးသား ရှစ်တက်လှော်မီတာ ၂၀၀၀ ဗိုလ်လုပွဲတွင် အသင်း ၁၂ သင်း တက်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းက ပထမ (ရွှေတံဆိပ်)၊ ထိုင်းအသင်းက ဒုတိယ (ငွေတံဆိပ်)၊ တရုတ်အသင်းက တတိယ(ကြေးတံဆိပ်)တို့ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်သည့် အားကစားအဖွဲ့တွင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အဖွဲ့ခေါင်းဆောင်၊ အတွင်းရေးမှူး၊ နည်းပြ၊ အားကစားသမား အမျိုးသား၊ အမျိုးသမီး ၂၀ စုစုပေါင်း ၂၃ ဦး ပါဝင်ပြီး ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။**တင်စိုး**

## စစ်ကိုင်းတိုင်းဒေသကြီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံများကို ပြန်ပေးဆွဲငွေညှစ်မှုများပြုလုပ်နေကြောင်း မဟုတ်မမှန်ရေးသားထုတ်လွှင့်လျက်ရှိ




**နေပြည်တော် အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာများရှိ ဒေသခံများကို ပြန်ပေးဆွဲငွေညှစ်မှု၊ ဖမ်းဆီးသတ်ဖြတ်အလောင်းဖျောက်မှုများ ပြုလုပ်နေကြောင်း၊ ကားများကိုလည်း သိမ်းဆည်းကာ ဈေးနှုန်းအမျိုးမျိုးဖြင့် ပြန်ရွေးခိုင်းနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားထုတ်လွှင့်လျက်ရှိသည်။

**သတင်းအမှားများ ရေးသား**

အဆိုပါသတင်းနှင့် ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မဟုတ်မမှန်လုပ်ကြံရေးသားခြင်းသာဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ခရီးသွားပြည်သူများ အေးချမ်းစွာခရီးသွားလာနိုင်ရေးအတွက် လုံခြုံရေးအရ စစ်ဆေးဆောင်ရွက်ခြင်းများသာ ပြုလုပ်လျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေး ဆောင်ရွက်နေမှုများအား အနှောင့်အယှက်ဖြစ်စေရန်နှင့် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် သတင်းအမှားများ လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ၂၅ – ၁၀ – ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၅၀၀ | ၃၄၆ | ၂၉၀၆၇၀၀ |
| MTSH | ၃၃၅၀ | ၃၄၀၀ | ၅၆ | ၁၈၅၃၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၇ | ၅၈၈၀၀ |
| FPB | ၂၀၀၀ | ၂၀၅၀ | ၉၁၉ | ၁၈၇၉၇၀၀ |
| TMH | ၂၈၀၀ | ၂၈၅၀ | ၁၃၀ | ၃၆၉၀၀၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၈၂၅ | ၁၄၀၂၅၀၀ |
| AMATA | ၄၃၀၀ | ၄၃၀၀ | ၂၅ | ၁၀၇၅၀၀ |
| MAEX | ၃၄၀၀ | ၃၃၅၀ | ၉၄၅ | ၃၁၆၅၈၅၀ |
| MADPL (PLB) | ၃၅၀၀၀ | ၃၅၀၀၀ | ၀ | ၀ |

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော်  အောက်တိုဘာ ၂၅

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**တရားဥပဒေနှင့်အညီဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Chaw Shu Thwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့မကွက်သစ်ရပ်ကွက်နေ ချောစုသွယ်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင် ကျောက်ပန်းတောင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

အလားတူ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Dr Nay Soe Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဒေါက်တာ နေစိုးမောင်အား ညနေ ၆ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

**ဆက်လက်ဖော်ထုတ်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရန်ကုန်အင်တာနေရှင်နယ် ကုန်စည်ပြပွဲကျင်းပ

**ရန်ကုန်  အောက်တိုဘာ ၂၅**

Silver Sea International ကုမ္ပဏီလီမိတက်က စီစဉ်ကျင်းပသည့် ရန်ကုန်အင်တာနေရှင်နယ်ကုန်စည် (Yangon International Trade Expo) ပြပွဲ Medical ,Hospital , Health & Beauty Care Myanmar 2024 နှင့် Myanmar Education & Further Study 2024 ပြပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အင်းလျားကန်ဟိုတယ်ဝင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ(YCC) ၌ ကျင်းပသည်။

အဆိုပါကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၊ မြန်မာနိုင်ငံပုဂ္ဂလိကသက်မွေးပညာအသင်း၊ မြန်မာနိုင်ငံကုန်စည်ပြပွဲအခမ်းအနားနှင့် ဆွေးနွေးပွဲများဆိုင်ရာလုပ်ငန်းအသင်းတို့မှ တာဝန်ရှိသူများတက်ရောက်ဖွင့်လှစ်ပေးကာ ပြခန်းများအား လိုက်လံကြည့်ရှုပြီး ဝယ်ယူအားပေးကြသည်။

ပြပွဲတွင် ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေး၊ အိမ်ခြံမြေ၊ ဆိုလာ၊ အင်ဗာတာနှင့် လျှပ်စစ်စွမ်းအင်ဆိုင်ရာ ဆက်စပ်ပစ္စည်းများ ခင်းကျင်းပြသထားပြီး ပြပွဲကို အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၂၅ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် HED ရေတံခါးအချပ် ၂၀ ထောင်ထားပါသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၂၅.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၅.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
